# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
# သစ်တောဦးစီးဌာန
# လျှောက်လွှာခေါ်ယူခြင်း

ကြော်ငြာစာအမှတ်- ( ၄၁ / ၂၀၂၃)

၁၃၈၅ ခုနှစ် ၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်
၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံးတွင် လစ်လပ်လျက်ရှိသော **တောကြပ်** (လစာနှုန်းကျပ် ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀)ရာထူး (၃)နေရာအတွက် လျှောက်လွှာများ တင်သွင်းနိုင်ပါသည်။

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊

( ခ ) ၃၁-၁၀-၂၀၂၃ ရက်နေ့တွင် အသက်(၃၀)နှစ် ထက်မကြီးသူ (နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ် ထက်မကြီးသူ) အမျိုးသားဖြစ်ရမည်။ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာ ဌာနအကြီးအမှူး၏ ခွင့်ပြုချက် တင်ပြရမည်၊

(ဂ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း(Dismissal)၊ ရာထူးမှ ထုတ်ပယ်ခြင်း (Removal) ခံရသူများ လျှောက်ထားခွင့် မရှိပါ။

(ဃ) အခြေခံပညာအလယ်တန်းအောင်မြင်သူ (အောင်လက်မှတ်မူရင်း တင်ပြနိုင်သူ) ဖြစ်ရမည်၊

(င) ကျန်းမာရေးကောင်းမွန်သူ (မိုင် ၂၀ လမ်းလျှောက်ခြင်းအား သတ်မှတ်ချိန် အတွင်း ပန်းဝင် နိုင်သူ) ဖြစ်ရမည်၊

(စ) ပြစ်မှု/ပြစ်ဒဏ်ကင်းရှင်းကြောင်းသက်ဆိုင်ရာရဲစခန်းမှ ထောက်ခံချက် ပေးအပ်သူ ဖြစ်ရမည်။

(ဆ) အနည်းဆုံး လုပ်သက်တစ်ဆက်တည်း(၃)နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာကို ကိုယ်ရေးမှတ်တမ်းအကျဉ်းနှင့်အတူ အောက်ပါအထောက်အထားများ (pdf format ဖြင့် scan ဖတ်၍ ) ပူးတွဲလျက် administrationfd@forest.gov.mm / forestadmdev@gmail.com သို့ Online စနစ်ဖြင့်ဖြစ်စေ၊ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ စီမံခန့်ခွဲရေးဌာနသို့ လူကိုယ်တိုင်ဖြစ်စေ **၁၅-၁၂-၂၀၂၃** ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားရမည်-

(က) အခြေခံပညာအလယ်တန်းအောင်လက်မှတ်မိတ္တူ (စစ်ဆေးသည့်အခါ အောင်လက်မှတ် မူရင်း တင်ပြနိုင်ရမည်)၊

( ခ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၆)လ အတွင်း သက်ဆိုင်ရာနယ်မြေရဲစခန်းမှ ထောက်ခံထားသည့် ပြစ်မှု/မှုခင်း ကင်းရှင်းကြောင်းထောက်ခံချက်မူရင်း၊

( ဂ) ပြင်ပမှလျှောက်ထားသူများအတွက်အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ (စစ်ဆေးသည့်အခါတွင် မူရင်း တင်ပြနိုင်ရမည်)၊

(ဃ) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်မူရင်း၊

၄။ ရေးဖြေစာမေးပွဲကို အထွေထွေဗဟုသုတ ဘာသာရပ် စစ်ဆေးခြင်း၊ **မိုင်(၂၀)အား သတ်မှတ်ချိန်အတွင်း ပန်းဝင်အောင်လမ်းလျှောက်နိုင်မှုရှိ/မရှိ စစ်ဆေးခြင်း**နှင့် လူတွေ့စစ်ဆေးခြင်းတို့ ဆောင်ရွက်မည်ဖြစ်ပြီး ရေးဖြေစာမေးပွဲကို အောက်ဖော်ပြပါအစီအစဉ်အတိုင်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်-

| **စဉ်** | **ဘာသာရပ်** | **ဖြေဆိုမည့်နေ့ရက်** | **အချိန်** |
|---|---|---|---|
| ၁ | အထွေထွေဗဟုသုတ | **၂၃-၁၂-၂၀၂၃(စနေနေ့)** | ၀၉ : ၀၀ နာရီ မှ ၁၁ : ၀၀ နာရီထိ |

၅။ ရေးဖြေစာမေးပွဲအတွက် ကြိုတင်လေ့လာရမည့် အကြောင်းအရာများ၊ ရေးဖြေစာမေးပွဲဖြေဆိုမည့်နေရာ၊ စာမေးပွဲဖြေဆိုရန်အတွက် လျှောက်ထားသူတစ်ဦးချင်းစီ၏ စာမေးပွဲခုံနံပါတ်၊ **မိုင်(၂၀)အား သတ်မှတ်ချိန်အတွင်း ပန်းဝင်အောင်လမ်းလျှောက်နိုင်မှု ရှိ/မရှိစစ်ဆေးခြင်း**နှင့် လူတွေ့စစ်ဆေးခြင်းဆောင်ရွက်မည့်နေ့ရက်၊ အချိန်၊ နေရာတို့ကို သစ်တောဦးစီးဌာန၏ Website- www.forestdepartment.gov.mm တွင် ကြေညာပေးသွားမည်ဖြစ်ပါသည်။

၆။ စည်းကမ်းနှင့်မကိုက်ညီသော (သို့မဟုတ်) မပြည့်စုံသော (သို့မဟုတ်) သတ်မှတ်ရက်ထက် ကျော်လွန်မှ ရောက်ရှိလာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၇။ အခြားစုံစမ်းမေးမြန်းလိုပါက သစ်တောဦးစီးဌာန၊ တယ်လီဖုန်းအမှတ်- ၀၆၇-၃၄၀၅၄၀၃/ ၀၆၇-၃၄၀၅၁၈၀ သို့ ဆက်သွယ်မေးမြန်းနိုင်ပြီး လျှောက်လွှာပုံစံများကို သစ်တောဦးစီးဌာန၏ https://bit.ly/3N3ZQWT တွင် download ရယူနိုင်ပါသည်။

**သစ်တောဦးစီးဌာန**

သို့

ညွှန်ကြားရေးမှူးချုပ်
သစ်တောဦးစီးဌာန
နေပြည်တော်

ရက်စွဲ၊ ----------------------

အကြောင်းအရာ။ **သစ်တောဦးစီးဌာနတွင် တောကြပ် ရာထူးနေရာ ခန့်ထားပေးပါရန် လျှောက်ထားခြင်း**

၁။ အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ သစ်တောဦးစီးဌာနတွင် တာဝန်ထမ်းဆောင်ခွင့်ပြုပါရန် ရိုသေစွာဖြင့် တင်ပြလျှောက်ထားအပ်ပါသည်။

၂။ အထက်ပါကိစ္စနှင့်ပတ်သက်၍ ကျွန်တော် ------------------ သည် ------------- ပညာသင်နှစ်၊ ------------ ခုနှစ်၊ -------------------------------- တက္ကသိုလ်/ကျောင်းမှ ------------------- ဘွဲ့/တန်း ရရှိအောင်မြင်ပြီးဖြစ်ပါသဖြင့် သစ်တောဦးစီးဌာနတွင် တာဝန်ထမ်းဆောင်လိုပါသောကြောင့် ရိုသေစွာဖြင့် ဆန္ဒပြုလျှောက်ထားအပ်ပါသည်။

၃။ ကျွန်တော်အနေဖြင့် ပေးအပ်သည့်တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်မည်ဖြစ်ပြီး တာဝန်ပေးစေလွှတ်သည့် မည်သည့်နေရာဒေသမဆို သွားရောက်တာဝန်ထမ်းဆောင်မည် ဖြစ်ပါကြောင်းနှင့် ဌာန၏စည်းမျဉ်းစည်းကမ်းများကို လိုက်နာမည်ဖြစ်ပါကြောင်း ဝန်ခံကတိပြုအပ်ပါသည်။

၄။ ကျွန်တော်၏ ကိုယ်ရေးရာဇဝင်ကို ပူးတွဲတင်ပြအပ်ပါသည်။

ရိုသေစွာဖြင့်

လက်မှတ် - ---------------------

အမည် - ---------------------

မှတ်ပုံတင်အမှတ် - ---------------------

# ကိုယ်ရေးရာဇဝင်အကျဉ်း

ဓါတ်ပုံ (1½" × 2" ၊
နောက်ခံအပြာ၊
စတစ်အဖြူ/ရင်ဖုံး)

၁။ အမည် – --------------------

၂။ အဘအမည် – --------------------

၃။ အမိအမည် – --------------------

၄။ မှတ်ပုံတင်အမှတ် – --------------------

၅။ မွေးသက္ကရာဇ်/အသက် – --------------------

၆။ ကိုးကွယ်သည့်ဘာသာ – --------------------

၇။ လူမျိုး – --------------------

၈။ ပညာအရည်အချင်း – --------------------

၉။ ဆက်သွယ်ရန်လိပ်စာ – --------------------

--------------------

၁၀။ အမြဲတမ်းနေရပ်လိပ်စာ – --------------------

--------------------

၁၁။ ဆက်သွယ်ရန်ဖုန်းနံပါတ် – --------------------

--------------------

အထက်ပါ အချက်အလက်များ မှန်ကန်ကြောင်း ဝန်ခံကတိပြုလက်မှတ်ရေးထိုးအပ်ပါသည်။

လက်မှတ် – --------------------

အမည် – --------------------

မှတ်ပုံတင်အမှတ် – --------------------